Summa Health™

Plain Language Summary of Financial Assistance Program

# နားလည်လွယ်သော အသုံးအနှုန်းဖြင့်ဖော်ပြထားသည့် ငွေကြေးအကူအညီ အစီအစဉ် အကျဉ်းချုပ်

## အကျဉ်းချုပ်

မျှော်လင့်မထားသော ကျန်းမာရေးပြဿနာများကြောင့် သင့်အတွက် ငွေရေးကြေးရေး အခက်အခဲများ ဖြစ်စေနိုင်သည်ကို Summa Health System က နားလည်သိရှိပါသည်။ သင်၏ ဆေးရုံစရိတ်ကို ကူညီပေးချေနိုင်သည့် ဖက်ဒရယ်၊ ပြည်နယ်နှင့် ဆေးရုံ အစီအစဉ် ရင်းမြစ်များကို ရှာဖွေရာတွင် ကျွန်ုပ်တို့က သင့်ကို ကူညီလိုပါသည်။

## မူဝါဒနှင့်အညီ ပေးအပ်သည့် အကူအညီ

အာမခံမရှိသောလူနာများနှင့် အာမခံအလုံအလောက်မရသည့် လူနာများအတွက် ငွေကြေးအကူအညီကို ကျွန်ုပ်တို့၏ လူနာငွေရေးကြေးရေး အတိုင်ပင်ခံများမှတစ်ဆင့် ပံ့ပိုးပေးပါသည်။ ဖက်ဒရယ်၊ ပြည်နယ်နှင့် ဆေးရုံ အစီအစဉ်များမှတစ်ဆင့် ဆေးဘက်ဆိုင်ရာ အကျိုးခံစားခွင့်များကို ရယူနိုင်အောင် လူနာများကို ကူညီပေးရန် ကျွန်ုပ်တို့က အသင့်ရှိနေပါသည်။ သင်၏ ဆေးရုံစရိတ် တချို့တစ်ဝက်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ယနေ့ ပေးချေရန် မတတ်နိုင်ပါက Summa Health System သည် သင် သတ်မှတ်ချက်ပြည့်မီသည့် ပရိုဂရမ်များကို ကူညီရှာဖွေပေးပြီး သင့်လိုအပ်ချက်နှင့် ကိုက်ညီသည့် ပြည်နယ်နှင့်/သို့မဟုတ် ဆေးရုံ အစီအစဉ်များတွင် သင့်ကို စာရင်းသွင်းပေးပါမည်။ သင့်ဝင်ငွေပမာဏအပေါ်မူတည်၍ အခမဲ့စောင့်ရှောက်မှု၊ လျှော့ဈေးများ သို့မဟုတ် အတိုးမဲ့ ငွေထုတ်ပေးမှုကာလများအတွက် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။

## သတ်မှတ်ချက်ပြည့်မီရန် လိုအပ်ချက်များ

ဖက်ဒရယ် ဆင်းရဲမွဲတေမှု သတ်မှတ်ချက်များ (Federal Poverty Guidelines၊ FPG) ပေါ်အခြေခံ၍ စုစုပေါင်း အိမ်ထောင်စုဝင်ငွေအရ အတိုးအလျှော့ဖြင့် ငွေကြေးအကူအညီကို ဆုံးဖြတ်လေ့ရှိပါသည်။ အိမ်ထောင်စုဝင်ငွေမှာ လက်ရှိ ဖက်ဒရယ် ဆင်းရဲမွဲတေမှု ကန့်သတ်ချက်များ (Federal Poverty Limits၊ FPL) ၏ 250% နှင့်အောက်ရှိပြီး ကျွန်ုပ်တို့၏ မူဝါဒအရ ငွေကြေးအကူအညီအတွက် သတ်မှတ်ချက်ပြည့်မီသူများသည် အခမဲ့စောင့်ရှောက်မှုကို ရရှိနိုင်သည်။ လက်ရှိ FPL ၏ 251% မှ 400% နှင့်ညီမျှသော သို့မဟုတ် ယင်းအောက်နည်းသော ဝင်ငွေပမာဏရှိသူများသည် မူဝါဒတွင် ဖော်ပြထားသည့်အတိုင်း အတိုးအလျှော့ရှိနိုင်သည့် ဈေးလျှော့ထားသော စောင့်ရှောက်မှုကို ရရှိခံစားနိုင်သည်။ ငွေကြေးအကူအညီအတွက် သတ်မှတ်ချက်ပြည့်မီသည်ဟု ဆုံးဖြတ်ခံရသော လူနာတစ်ဦးအား အရေးပေါ်အခြေအနေအတွက်ဖြစ်စေ၊ ဆေးဘက်ဆိုင်ရာအရ လိုအပ်သော အခြားစောင့်ရှောက်မှုအတွက်ဖြစ်စေ ကျသင့်ငွေတောင်းခံရာတွင် အာမခံရှိသောလူနာများထံမှ အလားတူစောင့်ရှောက်မှုအတွက် ယေဘုယျအားဖြင့် တောင်းခံသော ပမာဏထက်ပိုပြီး တောင်းခံ၍မရပါ။

## အကူအညီရယူရန် လျှောက်ထားနည်း-

လိုအပ်ချက်ကို ခွဲခြားဖော်ထုတ်ပြီး လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်ကို စောစီးစွာ စတင်နိုင်စေရန် လျှောက်လွှာဖောင်များကို ကြိုတင်စာရင်းသွင်းဝက်ဘ်ဆိုက်၊ တရားဝင် ဝင်ခွင့်/စာရင်းသွင်းဝက်ဘ်ဆိုက်နှင့် အခြားစာရင်းသွင်းဝက်ဘ်ဆိုက်အချို့တွင် ရရှိနိုင်အောင် ပြုလုပ်ထားသည်။ ဖောင်ပုံစံဖြည့်စွက်ရာတွင် အကူအညီလိုအပ်လျှင်၊ သင်၏ ငွေပေးချေနိုင်စွမ်းနှင့်ပတ်သက်ပြီး မေးမြန်းလိုသည်များရှိလျှင်၊ ရရှိနိုင်သော အစီအစဉ်များအကြောင်း အချက်အလက်များကို လိုအပ်လျှင် သို့မဟုတ် လူနာကိုယ်စားလှယ်တစ်ဦးနှင့် တိုက်ရိုက်စကားပြောလိုလျှင် ကျွန်ုပ်တို့၏ ငွေရေးကြေးရေး အတိုင်ပင်ခံ တစ်ဦးကို ဖုန်းခေါ်ဆိုပါ။ ကျွန်ုပ်တို့သည် တစ်ဦးချင်း လိုအပ်ချက်များနှင့် အခြေအနေများကို ကူညီဖြည့်ဆည်းပေးနိုင်ရန် လူနာအသီးသီးနှင့် အတူလက်တွဲအလုပ်လုပ်သည်။

## မိတ္တူများနှင့် အချက်အလက်များကို ရယူရန် နေရာ-

ငွေကြေးအကူအညီ မူဝါဒနှင့် ငွေကြေးအကူအညီ လျှောက်လွှာအတွက် အခမဲ့မိတ္တူအပြင် ငွေကြေးအကူအညီ လျှောက်ထားခြင်း လုပ်ငန်းစဉ်အကြောင်း အချက်အလက်များကို အွန်လိုင်းတွင်- **summahealth.org/patientvisitor/insuranceandbilling/financialassistance** မှတစ်ဆင့် ရယူနိုင်သည် သို့မဟုတ် စာပို့၍၊ ဖုန်းဆက်၍ ကျွန်ုပ်တို့၏ ငွေရေးကြေးရေး အတိုင်ပင်ခံများထံ ဆက်သွယ်ခြင်းဖြင့် သို့မဟုတ် အောက်တွင်ဖော်ပြထားသော ကျွန်ုပ်တို့၏ ဆေးရုံများ တည်ရှိရာ မည်သည့်နေရာသို့မဆို လူကိုယ်တိုင်သွားရောက်ခြင်းဖြင့် ရယူနိုင်သည်။

## ဆေးရုံတည်နေရာများ-

Akron Campus Central Registration

141 N. Forge St.

Akron, OH 44301

330.375.6685

Barberton Campus Central Registration

155 5th St NE

Barberton, OH 44203

330.615.3234

ဖောက်သည်ဝန်ဆောင်မှု ဖုန်းနံပါတ် 330.278.0160 ကို အောက်ပါအချိန်များတွင် ဆက်သွယ်နိုင်သည်။

တနင်္လာမှ ကြာသပတေးအထိ- နံနက် 8 နာရီမှ ည 8 နာရီ။

သောကြာ- နံနက် 8 နာရီမှ ညနေ 5 နာရီ။

စနေ- နံနက် 9 နာရီမှ နေ့လယ် 1 နာရီ။

## အင်္ဂလိပ်စကားမပြောသူများအတွက်

ငွေကြေးအကူအညီ မူဝါဒ၊ ငွေကြေးအကူအညီ လျှောက်လွှာနှင့် ဤနားလည်လွယ်သော အသုံးအနှုန်းဖြင့်ဖော်ပြထားသည့် အကျဉ်းချုပ်အတွက် ဘာသာပြန်ဆိုချက်များကို ဤနေရာတွင် ရရှိနိုင်သည်- **summahealth.org/patientvisitor/insuranceandbilling/financialassistance/financialassistancepolicytranslations**



FIN-26-82589/TZ/06-26/MULTI/BURMESE